
မင်းအတွက်ဆိုလျှင်
ဆောင်းညချမ်းငြွေ

## အပိုင်း (၁)

"မသွားပါနဲ့ အပဲသော် ကိုတောင်းပန်ပါတယ် "

"ရှင်ကျွန်မလက်ကိုလွှတ် ကိုမင်းထိုက်တန် ရှင်သိပ်လိုချင်နေတဲ့ ကွာရှင်းစာချုပ်မှာ ကျွန်မ လက်မှတ်ထိုးပြီးနေပြီ လွှတ်ကျွန်မကို"

"မလွှတ်ဘူး အပဲသော် ကို့ဘဝထဲကနေ ထွက်မသွားပါနဲ့ အပဲသော်ရယ် ကိုတကယ် တောင်းပန်ပါတယ်"

အဝတ်စားအချို့ ထည့်ထားသော ခရီးဆောင်အိတ်ကို ဆွဲကာ အပဲသော် အိမ်အပြင်ဘက်ကို ထွက်ရန် ပြင်နေသည်။

မင်းထိုက်တန် သူမရဲ့လက်ကို ဆွဲကာ ဒူးထောက်လုမတတ် တောင်းပန်ရှာ၏။

အပဲသော်ကတော့ ခေါင်းမာနေလျက် ... ...

"မလိုချင်ဘူး ရှင်ကိုယ်တိုင်က ထွက်သွားဖို့ ပြောထားပြီးနေပြီ ခုမှ ထွက်မသွားဖို့ အမိန့်ပေးလို့ မရဘူး လွှတ်"

"အပဲသော် ကိုတောင်းပန်နေတာပါ အပဲသော်ရယ် မသွားပါနဲ့"

မင်းထိုက်တန် သူမရှေ့မှာ ဒူးထောက်ချလိုက်ပြီး သူမရဲ့ ခြေသလုံးကို အသေအလဲ ဖက်ထားလေသည်။

"တောက် ရှင်ကျွန်မကို လွှတ်လို့ ပြောနေတယ်နော် ကိုမင်းထိုက်တန်"

"မလွှတ်ဘူး"

ခေါင်းကိုခါယမ်းကာ ဖက်ထားမြဲမို့ သူမ ဒေါသထွက်လေသည်။

"မလွှတ်ချင်ဦး "

"ဒုန်း"

"အ"

အပဲသော် မင်းထိုက်တန်ရဲ့ပုခုံးကိုကိုင်ကာ အားနဲ့တွန်းထုတ် လိုက်သည်။

မင်းထိုက်တန်ရဲ့ တောင်းပန်မှု မျက်ရည်တွေကို အပဲသော် လျစ်လျူရှု လိုက်မိပြန်သည်။

သူမ မင်းထိုက်တန်ရဲ့မျက်ဝန်းကို စုံကြည့်ကာ-

"ဒီမှာ ကိုမင်းထိုက်တန် အပဲသော်က အရင်လို ခပ်အအ ခပ်တုံးတုံး အပဲသော် မဟုတ်ဘူး ရှင့်ကိုသိပ်ချစ်တဲ့ အပဲသော် မဟုတ်တော့ဘူး အရင် အပဲသော်က သေသွားပြီ"

ဒေါသတကြီးနှင့် အော်ဟစ် ပြောဆိုလိုက်သည်။

မင်းထိုက်တန် ခေါင်းကိုခါယမ်းကာ ...

"မဟုတ်ဘူး အပဲ"

"မခေါ်နဲ့ ကျွန်မတို့ဇာတ်လမ်း ဒီမှာတင်ပြီးဆုံးပြီ ကိုမင်းထိုက်တန် ကျွန်မ မရှိရင် ရှင်ပျော်ချင်သလို ပျော်ပါးလို့ရပြီ ကျွန်မကို ခွင့်ပြုပါဦး"

"အပဲသော် မသွားပါနဲ့ အပဲ ... "

မင်းထိုက်တန်ရဲ့ခေါ်သံကိုပင် ဂရုမစိုက်စွာ သူမထွက်ခွာလာခဲ့သည်။

သူရှေ့မှာ ကျလုဆဲဆဲ မျက်ရည်တွေကို မျက်တောင်ရှည်ဖြင့် ပုတ်ခတ်သိမ်းဆည်းရင်း မင်းထိုက်တန်ကို ကျောခိုင်းထွက်ခွာလာသည်။

တဖြည်းဖြည်း ဝေးကွာသွားတဲ့ သူမရဲ့ ကျောပြင်လေးကို ငေးကြည့်ရင်း ကျလာတဲ့ မျက်ရည်ကြားမှ ဝေဝါးနေတဲ့ ကွာရှင်းစာချုပ်က လက်မှတ်လေး

သည် သူ့ကို လှောင်ပြောင် နေသလိုလို။

မင်းထိုက်တန် ထိုင်နေရာကနေ ကုန်းထပြီး စာချုပ်က လက်မှတ်ကို ကြည့်ကာ ...

"တောက် ကဲကွာ"

စာချုပ်ကလေးကို စိတ်ရှိသည့်အတိုင်း အစိပ်စိပ်အမွှာမွှာ ဆွဲဖြဲလိုက်သည်။

ရင်ထဲက မွန်းကျပ်မှုတို့သည် စာချုပ်ကလေး ပြဲသွားသလိုတော့ အစိပ်စိပ် အမွှာမွှာ ဖြစ်မသွားခဲ့ချေ။

"အပဲသော် တကယ်ပဲ ကိုယ့်ကို တစ်ယောက်တည်း ထားရစ်ခဲ့နိုင်တယ်၊ အဟားဟား ကိုရှူးတော့မယ် အပဲသော်ရဲ့ ငါ့ရဲ့ နှစ်လုံးသားထဲက အချစ်ကို မင်းဥပေက္ခာ ပြုရက်တယ် အပဲသော်ရာ"

"ခွပ်"

"ခလွမ်း"

ညော့ခန်းရှေ့က မှန်စာပွဲဝိုင်းကို လက်သီးဖြင့် ထိုးချလိုက်သည်။

မှန်စတွေက ကြွေပြားပေါ်မှာ အရောင်တလက်လက် တောက်ပလို့ နေသည်။

မီးရောင်စုံတွေကြား မြူးကြွတဲ့ ဒီဂျေသံတွေနဲ့ ကခုန်နေကြတဲ့ ရောင်စုံ လူရွယ် လူငယ်တစ်ဖွဲ့ကို မင်းထိုက်တန် မျက်လုံး ဝေ့ကြည့်သည်။

နေရာတိုင်း လူတွေတိုင်းရဲ့ မျက်နှာဟာ ရင်ထဲက သိပ်ချစ်ရပါသော အပဲသော်နဲ့ တူနေသည်မို့ သူပင့်သက်ရှိုက်ကာ ရှေ့ကဝီစကီ ခွက်ကိုကောက်ယူကာ တစ်ရှိန်ထိုး မော့ချလိုက်သည်။

"ထိုက် တော်ပါတော့ကွာ မင်းများနေပြီ"

အောင်ဇော်က ပြန်ဆွဲယူကာ ပြောလိုက်လျှင် ...

"များများကွာ ဒါမှ ငါ အပဲသော်ကို မေ့နိုင်မှာ မင်းသိလား ငါအပဲကို သိပ်ချစ်တာကွ"

"သိပါတယ်ကွာ တော်ပါတော့ သူငယ်ချင်းရာ နော်"

"ကျစ် ... မင်းအရမ်းစကားများတာပဲ ငဇော်ရာ"

ရှေ့က အရက်ခွက်ကို ထပ်ယူဖို့လုပ်တော့ အောင်ဇော်က လှမ်းယူလိုက်သည်။

မင်းထိုက်တန် မကြည်သလို အကြည့်က အောင်ဇော်ဆီကို ကျရောက်သွားပြီး ရှေ့၌ ရှိနေပြန်တဲ့ ဝီစကီပုလင်းကို မင်းထိုက်တန် လက်လှမ်းယူပြန်သည်။

အောင်ဇော် ပုလင်းကို ဘေးရွှေ့ရင်း ... ...

"တော်လိုက်ပါတော့ကွ မင်းအရမ်းများနေပြီ၊ သောက်ဖူးတာလည်း မဟုတ်ပဲနဲ့"

"ကျစ် ... "

အောင်ဇော် ပြောတော့ သူကစိတ်ပျက်သလို စုတ်သပ်ပြီး ခေါင်းစိုက်သွားသည်။

အောင်ဇော်က ပြုံးကာ အိမ်ပြန်ပို့ ဖို့ဆုံးဖြတ်ပြီး ... ...

"ကဲပါကွာ ထိုက် အိမ်ပြန်ရအောင် ငါပို့ပေးမယ်"

ဒီတော့မှ ခေါင်းထောင်ကာ ကြည့်ပြီး ခြေကာလက်ကာနှင့် ...

"မလိုဘူး မလိုက်နဲ့ ငါ့ဘာသာပြန်မယ်"

"ရလို့လားကွ မင်းဒီလောက် မူးနေတာကို"

"ရတယ် ရတယ် ဘာမှဖြစ်ဘူး"

ထိုင်နေရာမှ ထကာ အောင်ဇော်ကို လက်ပြပြီး ယိုင်တိုင်တိုင် ခြေလှမ်းတွေနဲ့ Bar မှ ထွက်လာကာ ကားရှိရာကို လျှောက်လာခဲ့သည်။

ကားနားရောက်တော့ လေပူကို တစ်ချက်မှုတ်ထုတ်ကာ ကားပေါ်တက်မောင်းထွက်ခဲ့သည်။

မင်းထိုက်တန် တစ်ယောက် အရက်မူးနေသည့် အရှိန်တွေနှင့် မျက်စိက ဝေဝါးနေစွာ သူ့မျက်ဝန်းထဲ ပေါ်လာခဲ့သည့် အပဲသော်ရဲ့ ပုံရိပ်တချို့နှင့်အတူ ...

"အပဲသော် ကိုမင်းကိုလွမ်းတယ်"

"တီးတီး"

"ကျွီး"

"ဒုန်း"

"ခလွမ်း ... "

ထိခတ်မှုတို့က ဆူညံ ပွတ်လောရိုက်သွားသည့် ပတ်ဝန်းကျင်ကြားထဲမှာ သူ အပဲသော်ရဲ့ နာမည်လေးပင် တမ်းတမိရင်း သူ့ရဲ့မျက်ဝန်းမှ အပဲသော်ရဲ့ ပုံရိပ်တချို့က ပျောက်ကွယ်သွားခဲ့ကာ မင်းထိုက်တန် တစ်ယောက် လောကကြီးနှင့် အဆက်သွယ်ပင် ပြတ်သွားတော့သည်။

***